# ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၁၀)၊ ဇူလိုင်လ (၁၆) ရက်၊ ၂၀၁၆


## စစ်ကိုင်းမြို့ခံများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံမှုတွင် မြေယာအရေးအပါအဝင် မေးခွန်းပေါင်း (၅၀) ကျော်မေးမြန်း

ဇူလိုင် ၁၂ ရက်၊ ၂၀၁၆

စစ်ကိုင်းမြို့ခံများနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ တွေ့ဆုံပွဲကို ဇူလိုင်လ ၁၂ ရက်နေ့ နံနက် ၉ နာရီ က စစ်ကိုင်းမြို့ မြို့တော်ခန်းမတွင် ကျင်းပခဲ့ရာ မြေယာအရေးအပါအဝင် ပြည်သူလူထုက မေးမြန်းသည့် မေးခွန်းပေါင်း ၅၀ ကျော်ကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ယင်းတို့ တွေ့ဆုံမှုကြောင့် ပြည်သူလူထု၏ ဆန္ဒများ၊ လိုအပ်ချက်များနှင့် တောင်းဆိုချက်များကို လွှတ်တော်ကိုယ်စားလှယ်များသိနိုင်ပြီး လွှတ်တော်သို့ တင်ပြဖြေရှင်းနိုင်မည်ဖြစ်ပြီး ပြည်သူလူထုအနေနှင့်လည်း ကိုယ်စားလှယ်များ၏ ဆောင်ရွက်နိုင်မှု အခြေအနေများကို သိရှိနိုင်ရန် တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

"ကျွန်တော်တို့က ပြည်သူလူထုအနေနဲ့ ကိုယ်သိချင်တာကို မေးမြန်းခွင့်ပြုမယ်၊ ဒီဘက်က သက်ဆိုင်ရာ ကိုယ်စားလှယ်တွေက ဖြေကြားမယ်ဆိုပြီး စီစဉ်ခဲ့တာပါ။ ပြည်သူများအနေနဲ့လည်း ကိုယ်ရေးကိုယ်တာတွေ မမေးဘဲ အများနဲ့ဆိုင်တဲ့ ကိစ္စတွေကို မေးမြန်းကြဖို့ လိုပါတယ်။ တစ်ယောက်


(ဓာတ်ပုံ - မောင်သန့် )

ကို သုံးမိနစ် မေးမြန်းခွင့်ပြုထားပါတယ်" ဟု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ်က ပြောသည်။ တွေ့ဆုံပွဲတွင် ပြည်သူလူထုက လယ်ယာမြေပြဿနာများ၊ ဒေသတွင်းဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကိစ္စများ၊ စစ်ကိုင်းမြို့ ကျောက်စိမ်းဈေးကွက် စီမံခန့်ခွဲမှုဆိုင်ရာ အကြောင်းအရာများ စသည့်ဖြင့် မေးခွန်းပေါင်း ၅၀ ကျော် မေးမြန်းခဲ့သည်။

*(ကိုးကား- The Voice Daily မှ ကောက်နုတ်တင်ပြသည်)*

## ရန်ကုန်တိုင်းတရားရုံးများနှင့် ရဲစခန်းများသို့ တိုင်းဒေသကြီးလွှတ်တော်၏ တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေး နှင့် တိုင်ကြားစာများ အသနားခံစာများ စိစစ်ရေးကော်မတီ ကွင်းဆင်းလေ့လာမည်



(ဓာတ်ပုံ - -ကျော်ဇင်သန်း/ 7 Day Daily)

ဇူလိုင် ၁၂ ရက်၊ ၂၀၁၆

ရန်ကုန်တိုင်းဒေသကြီးရှိ တရားရုံးများနှင့် ရဲစခန်းများသို့ တိုင်းဒေသကြီးလွှတ်တော်၏ တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေး နှင့် တိုင်ကြားစာများ အသနားခံစာများ စိစစ်ရေးကော်မတီက ဇူလိုင်နောက်ဆုံးပတ်အတွင်း ကွင်းဆင်းလေ့လာမည်ဖြစ်ကြောင်း ယင်းကော်မတီဝင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းထံမှ သိရသည်။

တရားရုံးများတွင် အမှုသည်များ၏ လိုအပ်ချက်များ၊ တရားသူကြီးအပါအဝင် တရားရေးဆိုင်ရာ ဝန်ထမ်းများ၏ အခက်အခဲများ၊ ရဲစခန်းများတွင် အချုပ်သားများ၏ အခက်အခဲများနှင့် ရဲတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့ မိသားစုများ၏ လိုအပ်ချက်များကို လေ့လာမည်ဖြစ်ကာ ပြန်လည်စတင်မည့် လွှတ်တော်သို့တင်ပြမည်ဟု ဦးကျော်ကျော်ထွန်းက ပြောသည်။

"ကျွန်တော်တို့ လေ့လာတဲ့အခါမှာ တရားရေးမဏ္ဍိုင်ကို ဝင်ရောက်စွက်ဖက်တာမျိုးမလုပ်ဘဲ ညှိနှိုင်းဆွေးနွေးတာမျိုးလုပ်ကြမှာပါ၊ မဏ္ဍိုင်အချင်းချင်းကြားမှာ အပြန်အလှန်ထိန်းညှိသွားတဲ့ပုံစံနဲ့ သွားကြမှာပါ" ဟု ၎င်းက ဆိုသည်။

ယင်းကော်မတီက တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများနှင့် ရဲစခန်းများသို့ ကွင်းဆင်းလေ့လာရန် ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက် ရရှိထားပြီး ဇူလိုင်လ နောက်ဆုံးပတ်အတွင်း ပြုလုပ်ရန်လျာထားကာ ရက် အတိအကျ သတ်မှတ်ရန် လာမည့်ရက်ပိုင်းတွင် အစည်းအဝေးထပ်မံခေါ်ယူကျင်းပရန် ရှိသည်။

*(ကိုးကား-www.7daydaily.com မှ ကောက်နုတ်တင်ပြသည်)*

## မကွေး မြို့နယ်များဖွံ့ဖြိုးရေး တစ်မြို့နယ်လျှင် ကျပ်သိန်းခုနစ်ရာကျော် ရရှိမည်


ဓာတ်ပုံ - ဦးမြာ (ကွန္တာရဝတီတိုင်း(မ်))

ဇူလိုင် ၈၊ ၂၀၁၆

မကွေးတိုင်းအတွင်း အခွန်ရရှိသောငွေများအနက် မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တိုင်းအစိုးရအဖွဲ့က မြို့နယ် တစ်မြို့နယ်လျှင် ကျပ်သိန်းခုနစ်ရာကျော် ခွဲဝေပေးမည်ဖြစ်ကြောင်း တိုင်းအစိုးရအဖွဲ့ထံမှ သတင်းရရှိသည်။ "ဒါက တိုင်းဒေသကြီးအတွင်း အခွန်အရပ်ရပ် ရငွေထဲက ၁၅%ကို မြို့နယ်တွေကိုခွဲဝေပေးတာဖြစ်တယ်ဗျ။ မြို့နယ် တစ်မြို့ နယ်တိုင်းက လွှတ်တော်ကိုယ်စားလှယ်နဲ့ ဒေသအာဏာပိုင်တွေ ပူးပေါင်းဆောင်ရွက်ပေးရမှာဖြစ်တယ်။ ပညာရေး၊ လမ်းပမ်းဆက်သွယ်ရေး နဲ့ ကျန်းမာရေးစတာတွေကို ဦးစားပေးဖို့တော့ လမ်းညွှန်ထားပါတယ်" ဟု မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့ အင်အားဝန်ကြီး ဦးမြင့်ဇော်က ပြောသည်။ မြို့နယ်အတွင်း ဆောင်ရွက် မည့်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဒေသအာဏာပိုင်များနှင့် လွှတ်တော် ကိုယ်စား လှယ်များက စိစစ်ရွေးချယ်၍ တိုင်းအစိုးရအဖွဲ့ထံ တင်ပြရမည်ဖြစ်ပြီး ယင်းသို့တင်ပြရန် နောက်ဆုံးရက်သတ်မှတ်ထားခြင်း မရှိသေးကြောင်း သိရသည်။

*(ကိုးကား- 7 day daily မှ ကောက်နုတ်တင်ပြသည်)*

## သတင်းဓာတ်ပုံ


ဓာတ်ပုံ - ကရင်ပြည်နယ်လွှတ်တော်

(၇-၇-၂၀၁၆)ရက်နေ့မှ (၈-၇-၂၀၁၆)ရက်နေ့ အထိ The Asia Foundation အစီအစဉ်ဖြင့် ကရင်ပြည်နယ် လွှတ်တော်ရုံး၌ ကျင်းပပြုလုပ်ခဲ့သော ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု အကြောင်း မိတ်ဆက်အလုပ်ရုံဆွေးနွေးပွဲတွင် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းကျော်မှ ဆွေးနွေးစဉ်


ဓာတ်ပုံ - ဦးမြင့်အောင်မိုး Facebook Page

ဇူလိုင် (၈) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၏ လုံခြုံရေး၊ စီမံခန့်ခွဲရေးနှင့် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးကို ကျင်းပနေစဉ်

ပြည်နယ်နှင့်
တိုင်းဒေသကြီး
လွှတ်တော်များဆိုင်ရာ
သတင်းစာစဉ်

စုစည်းတင်ပြသူ
ပညာအလင်းပွင့်
မြန်မာသုတေသန
ဖောင်ဒေးရှင်း

ဆက်သွယ်ရန်
---------
၀၉ ၂၆၀၀၀၇၅၁၉

www.emref.org
www.facebook.com/emrmyanmar

## သတင်းတို

➤ မွန်ပြည်နယ်အတွင်းရှိ ပြဿနာများ ပူးပေါင်းဖြေရှင်းနိုင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လွှတ်တော်တို့ တစ်လတစ်ကြိမ် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်လွှတ်တော်မှ ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးထံ စာပို့ထားပြီး ဝန်ကြီးချုပ်က နှုတ်အားဖြင့် သဘောတူပြောဆိုခဲ့ကြောင်း မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက ပြောကြားသည်။

*(ကိုးကား- ဟသ်ာမီဒီယာမှ ကောက်နုတ်တင်ပြသည်။)*

---

➤ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) တွင် ရွှေကျင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ကိုယ်စားလှယ် ဦးဝင်းမြင့်က ရွှေကျင်မြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများ ရွှေ့ပြောင်းနေရာချထားမှုကိစ္စကို မြို့နယ်အဆင့်အနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း အပါအဝင် စုစုပေါင်း မေးခွန်း (၃) ခု မေးမြန်းခဲ့သည်။

*(ကိုးကား- ပဲခူးတိုင်းလွှတ်တော် Facebook Page မှ ကောက်နုတ်တင်ပြသည်။)*

---

### ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များရှိ လွှတ်တော်ကိုယ်စားလှယ် ကျား/မ ဦးရေ

| ပြည်နယ်/တိုင်းဒေသကြီး | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ဧရာဝတီ | ၄၄ | ၁၀ | ၅၄ |
| ပဲခူး | ၄၉ | ၈ | ၅၇ |
| ချင်း | ၁၈ | ၀ | ၁၈ |
| ကချင် | ၃၅ | ၅ | ၄၀ |
| ကယား | ၁၅ | ၀ | ၁၅ |
| ကရင် | ၁၅ | ၂ | ၁၇ |
| မကွေး | ၄၃ | ၈ | ၅၁ |
| မန္တလေး | ၅၃ | ၄ | ၅၇ |
| မွန် | ၁၇ | ၆ | ၂၃ |
| ရခိုင် | ၃၅ | ၀ | ၃၅ |
| စစ်ကိုင်း | ၆၂ | ၁၄ | ၇၆ |
| ရှမ်း | ၉၆ | ၇ | ၁၀၃ |
| တနင်္သာရီ | ၁၉ | ၂ | ၂၁ |
| ရန်ကုန် | ၇၄ | ၁၈ | ၉၂ |
| စုစုပေါင်း | ၅၇၅ | ၈၄ | ၆၅၉ |

➤ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၂.၇.၂၀၁၆ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ် (၁/၂၀၁၆) ဆုံးဖြတ်ချက်တွင် ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) အတွက် ဦးအောင်ကျော်ညွန့်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ ပြည်နယ်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးခိုင်ညီညီကျော် ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၅(က) အရ ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

*(ကိုးကား- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြေညာချက်အမှတ် ၁၄/၂၀၁၆မှ ကောက်နုတ်တင်ပြသည်။)*

---

➤ ရခိုင်ပြည်နယ်လွှတ်တော်မှ စည်ပင်သာယာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ လယ်ယာ၊ သားငါးနှင့် ဆည်မြောင်းလုပ်ငန်းများကော်မတီ၊ နိုင်ငံသား အခွင့်အရေးနှင့် အထူးစုံစမ်းစစ်ဆေးရေးကော်မတီတို့မှ ကော်မတီဝင်များသည် ကျောက်ဖြူ၊ အမ်းနှင့် သံတွဲမြို့နယ်များသို့ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။ ရခိုင်ပြည်နယ် ကျောက်ဖြူနှင့် အမ်းမြို့နယ်တို့တွင် ဂက်စ်ပိုက်လိုင်းကြောင့် ဖြစ်ပေါ်နေသော မြေယာပျက်စီးခြင်း နှင့် ပတ်သက်၍ ကွင်းဆင်းလေ့လာပြီးနောက် လေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်အစီရင်ခံစာအား ပြည်နယ်လွှတ်တော်တွင် သီးသန့်အစီရင်ခံစာ တင်သွင်းသွားမည် ဖြစ်ကြောင်းသိရသည်။

အဆိုပါပိုက်လိုင်းသည် ကျောက်ဖြူမြို့မှ စတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်းကို ဖြတ်သန်း၍ ရှမ်းပြည်နယ်မှတစ်ဆင့် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်သို့ သွယ်တန်းဖောက်လုပ်ထားခြင်းဖြစ်ကြောင်းသိရသည်။ ပိုက်လိုင်း စတင်ဖြတ်သန်းသည့် ကျောက်ဖြူမြို့နယ်နှင့် အမ်းမြို့နယ်တို့တွင် ဒေသခံအချို့၏ မြေယာများပျက်စီးခဲ့သည့်အတွက် ကန့်ကွက်မှုများရှိခဲ့ပြီး ပိုက်လိုင်းပြဿနာကို ဖြေရှင်းပေးရန်အတွက် တောင်းဆိုသည့် ဆန္ဒပြပွဲများလည်း မကြာခဏပေါ်ပေါက်လျက်ရှိကြောင်းသိရသည်။

*(ကိုးကား - ရခိုင်ပြည်နယ်သတင်း facebook page မှ ကောက်နုတ်တင်ပြသည်။)*

EMReF
Enlightened Myanmar
Research Foundation

သတင်းရင်းမြစ်အားလုံးကို ကျေးဇူးတင်ရှိပါသည်။